EAST ALLEN COUNTY SCHOOLS
DREAM IT. DO IT.

Technology Department
800 Homestead Dr , New Haven, IN 46774
ဖုံး- ၂၆၁-၄၄၆-၀၁၂၉ ဖက်စ်- ၂၆၁-၄၄၆-၀၁၂၆

# အီးအေစီအက်စ်(EACS)ကျောင်းသားနှင့်မိဘများအတွက် အွန်လိုင်းမှအီးလန်းနင်း (eLearning) သင်ယူခြင်းအတွက် အကြောင်းအရာအချက်အလက်များ

ကျောင်းသားများ အီးလန်းနင်း (eLearning) လုပ်ရမည့်နေ့များတွင် သင်ခန်းစာလေ့ကျင့်ခန်းများနှင့် အဆိုင်းမင့်န်များတွင်ပါသောအကြောင်းအရာများကို ကျောင်းသားနှင့်မိဘများအားကူညီရန်(EACS) မှအချက်အလက်များကူညီပံ့ပိုးပေးနေပါသည်၊ EACS ၏ရည်ရွယ်ချက်မှာ ကျောင်းသားတိုင်း အွန်လိုင်းမှ အီးလန်းနင်းသင်ယူရန်အခွင့်အရေးအတွက်ဆရာများနှင့် ဆက်သွယ်ချိတ်ဆက်နိုင်ရန်ဖြစ်သည်၊ အကယ်၍ သင့်အနေဖြင့် အကူအညီပိုမိုလိုအပ်လျှင် (သို့) သင့်ကလေး၏ အွန်လိုင်း(eLearning)သင်ခန်းများကိုဝင်ရောက်ကြည့်ရှုကူညီခြင်းနှင့်ပတ်သက်၍ရှင်းလင်းချက်များပိုမိုသိရှိလိုပါကသင့်ကလေး၏ဆရာ(သို့) ကျောင်းအုပ်ကြီးကိုအသိပေးပါ၊ EACS ကျောင်းသားများအတွက် အွန်လိုင်းမှတဆင့်သင်ယူသည့် အခွင့်အရေးရရှိစေပြီး အောင်မြင်မှုရရန်မှာကျွန်ုပ်တို့၏ ဦးစားပေးဆောင်ရွက်ချက်တခုဖြစ်သည်၊ သင်တို့၏ကလေးများ အွန်လိုင်းမှသင်ယူခြင်း အတွေ့အကြုံရရှိစေရန် မိဘများပူးပေါင်းပါဝင်ကြရန် EACSမှကြိုဆိုပါသည်၊ EACS ၏ အကူအညီကိုလိုအပ်လျှင်ခေါ်ရန် တိုက်ရိုက်ဖုံးနံပါတ်မှာ (၂၆၁-၄၄၆-၀၁၂၅၇) ဖြစ်သည်

## eLearning နှင့်ပတ်သက်၍ ကျောင်းသားများနှင့်မိဘများ အတွက် အရေးကြီးသောအချက်များ

၁။ EACS ကျောင်းများအားလုံး၏ အွန်လိုင်မှသင်ယူခြင်း(eLearning)ကို ၄င်းတို့၏ ကျောင်းအုပ်ကြီးထံမှ အချိန်ဇယားစီစဉ်ပေးသည့်အတိုင်းကျောင်းတိုင်းက သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်

၂။ ဆရာများအတွက်မွမ်းမံသင်တန်းပြုလုပ်သည့်နေ့ရက်များတွင် ကျောင်းတိုင်းမှကျောင်းသားများအတွက် အွန်လိုင်း(eLearning) နေ့များရှိမည်

၃။ ရာသီဉတုကြောင့် ကျောင်းတက်ရက်တွင် ကျောင်းပိတ်ရပါက ထိုရက်များသည် အွန်လိုင်း(eLearning) နေ့များဖြစ်မည်

၄။ EACS အွန်လိုင်း(eLearning) သင်ကြားပို့ချမှုပုံစံကိုအသုံးပြု၍ အွန်လိုင်းအီးလန်းနင်း (eLearning) နေ့ အတွက်သင်ကြားမှုအထောက်အကူပစ္စည်းများ၏ တည်နေရာ(သို့) အသုံးပြုမှုများအပါအဝင် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများ(သို့) လုပ်ရမည့်တာဝန်များကို အွန်လိုင်းအီးလန်းနင်း(eLearning) နေ့မတိုင်မီ ဆရာများမှပြည့်စုံအောင် ကြိုတင်ကြည့်ရှုလေ့လာထားမည်

၅။ သမ္မတနေ့ (President's Day) သည်ကျောင်းဝန်ထမ်းများနှင့် ကျောင်းသားများအားလုံးအတွက်ကျောင်းပိတ်ရက်ဖြစ်ပြီး အွန်လိုင်းအီးလန်းနင်းနေ့ (eLearning) မဟုတ်ပါ

၆။ သူငယ်တန်းမှ (၁၂) တန်းအထိ အွန်လိုင်းအီးလန်းနင်း (eLearning) သင်ခန်းစာလေ့ကျင့်ခန်းများကို ကင်ဘတ်စ်ပြက္ခဒိန်(Canvas) ပေါ် သို့တင်ပေးမည်၊ အီးလန်းနင်း(eLearning) သင်ခန်းစာလေ့ကျင့်ခန်းများကို မနက်(၉) နာရီတွင်တင်ပေးထားမည်။ သူငယ်တန်းမှ(၆)တန်းဆရာများသည်သင်ခန်းစာ/လေ့ကျင့်ခန်းများကို အခြားနည်းဖြစ်သည့် အီးမေးလ်ဖြင့်လဲ ပို့ပေးနိုင်သည်

၇။ ဆရာများမှ ပေးထားသော အီးလန်းနင်းသင်ခန်းစာများ(eLearning)ထိုနေ့တွင်မပြီးပါကနောက်တရက်၌ကျောင်းစာသင်ခန်းအတွင်းပြီးစီးအောင်ဆက်၍လုပ်နိုင်သည်

၈။ ကျောင်းသားများ၏တာဝန်မှာ ပေးထားသောသင်ခန်းစာလေ့ကျင့်ခန်းများကိုပေးသည့်နေ့မှ (၅)ရက်အတွင်း (စနေ၊တနင်္ဂနွေရက်များမပါဘဲ)ပြီးအောင်လုပ်၍တင်ရမည်၊ **ဥပမာ** - အင်္ဂါနေ့တွင် ကျောင်းပိတ်ရပြီး ဗုဒ္ဓဟူးနေ့တွင်ကျောင်းပြန်တက်ရသည်ဆိုလျှင်၊အီးလန်းနင်း(eLearning)နေ့ကပေးထားသောစာများကို နောက်အပတ်အင်္ဂါနေ့ တွင်နောက်ဆုံးရက်အဖြစ်တင်ရမည်

၉။ အကယ်၍ ကျောင်းသားသည် အွန်လိုင်းအီးလန်းနင်း(eLearning) နေ့တွင်ပါဝင်ဆောင်ရွက်ခြင်းမလုပ်ပါက၊ ခွင့်မဲ့ကျောင်းပျက်ကွက်မှုအတိုင်းသတ်မှတ်မည်၊ သင်ခန်းစာများလုပ်ရန်ပျက်ကွက်ခြင်းကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် ကျောင်းသို့ဆက်သွယ်အသိပေးခဲ့ပါက ခွင့်တိုင်သောပျက်ကွက်မှုဟု သတ်မှတ်မည်

၁၀။ ဆရာများမှာအွန်လိုင်း(eLearning) နေ့၌ မနက်(၉) နာရီမှညနေ(၃)နာရီအထိကျောင်းသားများမေးသောမေးခွန်းများနှင့်ဆွေးနွေးချက်များကို ဖြေဆိုပေးမည်၊ ဆရာများကို ကင်းဘတ်စ်(Canvas) နှင့် အီးမေးလ် တို့ပေါ် မှ ဆွေးနွေးခြင်းများ/မက်ဆေ့စ်များ ကိုအသုံးပြုပြီး၄င်းတို့မှတဆင့်ဆက်သွယ်ကြရန် အားပေးသည်

၁၁။ အီးလန်းနင်းနေ့ (eLearning)၏ နောက်(၅)ရက်အတွင်း EACS ကျောင်းများတွင် ကွန်ပျူတာအခန်းများကို ကျောင်းမတက်မီနှင့် ကျောင်းဆင်းပြီးနောက်တွင်ဖွင့်ပေးထားမည်။ (ထိုဖွင့်ပေးထားမည့်အချိန်များမှာကျောင်းတကျောင်းနှင့်တကျောင်းမတူညီနိုင်ပါ)

၁၂။ အွန်လိုင်းအီးလန်းနင်း(eLearning)၏ မျှော်မှန်းချက်များနှင့် ပတ်သက်၍ (eLearning) နေ့နံနက်တွင်အီးအေစီအက်ကောင်တီကျောင်းများ၏အုပ်ချုပ်ရေးမှူး ၊ စူပါအင်တင်းဒင့် မှ ကျောင်းသားနှင့် မိဘများကို ကျောင်းမက်ဆင်ဂျာမှ သတင်းကြေငြာချက်ပို့ပေးလိမ့်မည်

EACS
EAST ALLEN COUNTY SCHOOLS
DREAM IT. DO IT.

Technology Department
800 Homestead Dr , New Haven, IN 46774
ဖုံး- ၂၆၀-၄၄၆-၀၁၂၉ ဖက်စ်- ၂၆၀-၄၄၆-၀၁၂၆

## အောက်ပါတို့မှာပိုင်ဖိုင်(Wi-Fi) ဆက်သွယ်ရေးစက်ပစ္စည်း(router)မရှိသည့် မိသားစုများအတွက်ရွေးချယ်စရာများဖြစ်ပါသည်-

၁။ အိမ်မှအင်တာနက်ဆက်သွယ်မှု-EACS ၏ iPad ကို ပိုင်ဖိုင်(Wi-Fi router) နှင့်ဆက်သွယ်ပြီး အသုံးပြုပါ၊ အကယ်၍ ငွေကြေးအခက်အခဲကြောင့် အိမ်တွင်အင်တာနက်မရှိပဲ Comcast Cable ဖြင့်ဆက်သွယ်နိုင်သောနေရာအတွင်း နေထိုင်ပါကတစ်လလျှင်($၁၀) ခန့်သာပေးဂုမည့် (Comcast Internet Essentials) ကိုစုံစမ်းကြည့်ပါ၊ စိတ်ဝင်စားသည့် မိဘများ ကျောင်းရုံးခန်း အတွင်းရေးမှူးထံမှ လက်ကမ်းစာစောင်ယူပြီးမေးမြန်းကြည့်ပါ။ မိဘများ၌ဆဲလ်ဖုံးရှိလျှင်ထိုဆဲလ်ဖုံး၏အင်တာနက်မှတဆင့် (hotspot (သို့) tethering) တို့ကိုဆက်သွယ်နိုင်သည်။ သို့သော် မလိုအပ်သည့်ဒေတာ အပိုများဝင်လာပြီးသတ်မှတ်ခွင့်ပြုချက်ထက်ပိုလာလျှင်ဖုံးအသုံးပြုခငွေပိုမိုပေးရနိုင်၍ မိဘများ၏ဖုံးကုမ္ပဏီကို ဦးစွာစုံစမ်းရန်လိုမည်

၂။ အိမ်တွင်အင်တာနက်ပိုင်ဖိုင်မရှိသောကျောင်းးသားများသည်၄င်းတို့၏ကျောင်းအုပ်ကြီးနှင့်အတွင်းရေးမှူးတို့ထံတွင် အိမ်တွင်ငှားရမ်းသုံးစွဲနိုင်သည့် (loaner MiFi device) အကြောင်းဆက်သွယ်စုံစမ်းပါ

၃။ မိတ်ဆွေ(သို့)ဆွေမျိုးတို့၏ အင်တာနက်ဆက်သွယ်ခွဲဝေသုံးစွဲခြင်း-ဤအချိန်သည် မိတ်ဆွေ(သို့) ဆွေမျိုးသားချင်းများနှင့်အင်တာနက်မျှဝေသုံးစွဲရန် ကျောင်းသားများအတွက်အကောင်းဆုံးအချိန်ဖြစ်သည်

၄။ အပါ့တ်မင့် (သို့) အဖွဲ့အစည်း၏လူအများစုဝေးရာကလပ်အဆောက်အဦး-အကယ်၍ မိသားစုသည် အပါ့တ်မန့်များ၊ အဖွဲ့အစည်းများ(သို့)ကွန်ဒိုမီနီယံ တို့မှ (Wi-Fi) ပေးထားသည်။ မိမိနှင့်အခြားသူများ၏လုံခြုံရေးတို့အတွက်ကွန်ပျူတာအားသွင်းကြိုး၊ (Ipad) နှင့်နားကြပ်များယူလာရန်အရေးကြီးသည်

၅။ ဘုရားကျောင်း နှင့်/သို့မဟုတ် လူမှုရေး ကလပ်အသင်းအဖွဲ့တို့မှ အင်တာနက်ဆက်သွယ်မှု့- EACS သည်မည်သည့်ဘုရားကျောင်း (သို့) အသင်းအဖွဲ့ တို့နှင့်တိုက်ရိုက်ဆက်စပ်အလုပ်မလုပ်သည့်အတွက် မိသားစုများကိုယ်တိုင်မိမိတို့နှင့်အဆက်သွယ်ရှိသည့်ဘုရားကျောင်း (သို့) လူမှုရေးကလပ်အသင်း အဖွဲ့များကိုဆက်သွယ်နိုင်သည်။ မိမိနှင့်အခြားသူများ၏လုံခြုံရေးတို့အတွက်ကွန်ပျူတာအားသွင်းကြိုး၊ Ipad နှင့်နားကြပ်များ ယူလာရန်အရေးကြီးသည်

၆။ စီးပွားရေးလုပ်ငန်းများ- ပိုင်ဖိုင်(Wi-Fi) ရရှိရန် မြို့ တွင်းရှိစားသောက်ဆိုင်များ၊ ကော်ဖီဆိုင် (သို့) စာအုပ်ဆိုင်များကိုလဲ အသုံးပြု နိုင်သည်၊ အားသွင်း ထားသော ကွန်ပျူတာ၊ ipad နှင့်နားကြပ်ကိရိယာများ ယူဆောင်လာရန်လည်း အရေးကြီးသည်၊ အခမဲ့ပိုင်ဖိုင်(Wi-Fi)အသုံးပြုနိုင်သည့်မြို့ နယ်တွင်း စီးပွါးရေးလုပ်ငန်းများ၏စာရင်းကို EACS ဝက်ဘ်ဆိုက်တွင် www.eacs.k12.in.us တွင်ဖေါ်ပြထားပေးမည်

၇။ EACS မှ eLearning တကြိမ်ပြီးနောက် ကျောင်းတက်ရက်(၅)ရက်အတွင်း ကျောင်းမတက်မီနှင့် ကျောင်းဆင်းအပြီးတွင်ကျောင်းသားများကွန်ပြူတာ အသုံးပြုနိုင်ရန် ကွန်ပြူတာအခန်းများကိုဖွင့်ထားပေးမည်။ ထိုဖွင့်ပေးမည့်အချိန်များမှာကျောင်းအလိုက် စီစဉ်ဆုံးဖြတ်ပေးမည်ဖြစ်၍ကွန်ပျူတာအခန်း များဖွင့်ချိန် နှင့်ပတ်သက်၍ သင့်ကလေးကျောင်းသို့ ဆက်သွယ်မေးမြန်းပါ၊ ကွန်ပျူတာအရေအတွက်ကန့်သတ်ထားသော်လည်း (Wi-Fi) ဆက်သွယ်မှု အလုံအလောက်ရှိမည်။ အကယ်၍ ကျောင်းသားများတွင်(iPad) များရှိလျှင်မိမိအားသွင်းပစ္စည်းနှင့်အတူယူဆောင်လာနိုင်သည်၊ အခြားသူများနှင့်အတူ တကွသုံးစွဲရမည့်အတွက် ကျောင်းသားအားလုံးနားကြပ်များအသုံးပြုရန်ယူဆောင်လာရမည်၊ သတ်မှတ်ထားသောကျောင်းစည်းကမ်းကျင့်ဝတ်ကိုလိုက် နာရန်မျှော်လင့်သည်၊ ဝင်ခွင့်ပြုသည့် တခုတည်းသော နေရာများမှာသတ်မှတ်ထားသော ကွန်ပျူတာခန်းနှင့်အိမ်သာခန်းများဖြစ်သည်။ကျောင်းသားများ ကို ကူညီရန် EACS ဝန်ထမ်းများ ရှိနေမည်

၈။ အယ်လန်ကောင်တီ ပြည်သူ့စာကြည့်တိုက် ပိုင်ဖိုင်(Wi-Fi)-EACS ကောင်တီတွင်စာကြည့်တိုက်ဌာနခွဲ (၈) ခုရှိပါသည်။ အယ်လန်ကောင်တီပြည်သူ့ စာကြည့်တိုက်ဌာနခွဲများမှ(Wi-Fi) ဆက်သွယ်မှု့နှင့် (Wi-Fi) စာပုံနှိပ်ပေးခြင်းများ ပြုလုပ်ပေးသည်၊ ၄င်းဌာနနေရာအားလုံးမှအသေးစိတ်အချက်မှာ- အများသုံး ကွန်ပျူတာများကို စာကြည့်တိုက်ကဒ်တကဒ်ဖြင့် တကြိမ်လျှင် (၁)နာရီအသုံးပြုနိုင်သည်။ အခြားသူများကိုအနှောက်အယှက်မဖြစ်စေရန် နားကြပ်ကိုအသုံးပြုရန်ယူဆောင်သွားပါ၊ အောက်ဖော်ပြပါ အယ်လန်ကောင်တီ ပြည်သူ့ စာကြည့်တိုက်(၈)ခုတို့၏ စာရင်းကို EACS ၏ ဝက်ဆိုက်တွင် (www.eacs.k12.in.us) ဝက်ဘ်ဆိုက်တွင်တွေ့နိုင်သည်

EACS
EAST ALLEN COUNTY SCHOOLS
DREAM IT. DO IT.

Technology Department
800 Homestead Dr , New Haven, IN  46774
ဖုံး- ၂၆၀-၄၄၆-၀၁၂၉   ဖက်စ်- ၂၆၀-၄၄၆-၀၁၂၆

| ဌာနခွဲအမည် | လိပ်စာ | ဖုန်းနံပါတ် | စာကြည့်တိုက်ဖွင့်သောအချိန်များအပြောင်းအလဲရှိနိုင်သည် |
|---|---|---|---|
| Grabill ဌာနခွဲ | 13521 State Street, Grabill, IN 46741 | (260)421-1325 | တနင်္လာ၊ အင်္ဂါနှင့် ကြာသပတေး-မနက်(၁၀)မှည(၉)နာရီ<br>ဗုဒ္ဓဟူး, သောကြာနှင့်  စနေ* မနက်(၁၀)မှည(၆)နာရီ<br>* မက်မိုရီရယ်နေ့ မှ အလုပ်သမားနေ့အထိ (စနေနေ့များ)တွင်ပိတ်သည် |
| Woodburn ဌာနခွဲ | 4701 State Road 101 North, Woodburn, IN 46797 | (260) 421-1370 | တနင်္လာ၊ဗုဒ္ဓဟူး၊သောကြာ-မနက်(၁၀)နာရီမှ(၁၂)နှင့် နေ့ခင်း(၁)နာရီမှ ညနေ(၆)နာရီ<br>အင်္ဂါ ၊ ကြာသပတေး-နေ့ခင်း(၁၂)မှညနေ(၅)နှင့် ညနေ(၆)မှည(၉)နာရီ<br>စနေနေ့*-မနက်(၁၀)နာရီမှနေ့ခင်း(၂)နာရီ<br>*မက်မိုရီရယ်နေ့ မှ အလုပ်သမားနေ့အထိ (စနေနေ့များ) တွင်ပိတ်သည် |
| Georgetown ဌာနခွဲ | 6600 East State Blvd., Fort Wayne, IN 46815 | (260) 421-1320 | တနင်္လာ၊ အင်္ဂါ -ဗုဒ္ဓဟူးနှင့်ကြာသပတေး-မနက်(၁၀)နာရီမှည(၉)နာရီ<br>သောကြာနှင့်စနေ- မနက်(၁၀)မှည(၆)နာရီ |
| Hessen Cassel ဌာနခွဲ | 3030 East Paulding Road, Fort Wayne, IN 46816 | (260) 421-1330 | တနင်္လာ၊ အင်္ဂါနှင့် ကြာသပတေး- မနက်(၁၀)နာရီမှည(၉)နာရီ<br>ဗုဒ္ဓဟူး၊ သောကြာနှင့်စနေ*- မနက်(၁၀)မှည(၆)နာရီ<br>* မက်မိုရီရယ်နေ့ မှ အလုပ်သမားနေ့အထိ (စနေနေ့များ) တွင်ပိတ်သည် |
| Dupont Road ဌာနခွဲ | 536 E. Dupont Road, Fort Wayne, IN 46825 | (260) 421-1315 | တနင်္လာ၊ အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး- မနက်(၁၀)နာရီမှည(၉)နာရီ<br>သောကြာနှင့် စနေ- မနက်(၁၀)မှည(၆)နာရီ |
| Monroeville ဌာနခွဲ | 115 Main Street, Monroeville, IN 46773 | (260) 421-1340 | တနင်္လာနှင့် ဗုဒ္ဓဟူး - နေ့ခင်း(၁၂)နာရီမှညနေ(၅)နာရီ နှင့်ညနေ(၆)နာရီ မှ ည(၉)နာရီ<br>အင်္ဂါ -ကြာသပတေးနှင့် သောကြာ-မနက်(၁၀)နာရီမှ(၁၂)နာရီ၊ နေ့ခင်း(၁)နာရီမှညနေ(၆)နာရီ<br>* စနေ- မနက်(၁၀)နာရီမှနေ့ခင်း(၂)နာရီ<br>* မက်မိုရီရယ်နေ့ မှ အလုပ်သမားနေ့အထိ (စနေနေ့များ) တွင်ပိတ်သည် |
| New Haven ဌာနခွဲ | 648 Green Street, New Haven, IN 46774 | (260) 421-1345 | တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး- မနက်(၁၀)နာရီမှည(၉)နာရီ<br>ကြာသပတေး၊ သောကြာ၊ စနေ- မနက်(၁၀)နာရီမှည(၆)နာရီ*<br>* မက်မိုရီရယ်နေ့ မှ အလုပ်သမားနေ့အထိ (စနေနေ့များ) တွင်ပိတ်သည် |
| Main -မိန်း စာကြည့်တိုက် | 900 Library Plaza, Fort Wayne, IN 46802 | (260)-421-1200 | တနင်္လာမှကြာသပတေးနေ့-မနက်(၉)နာရီမှည(၉)နာရီ<br>သောကြာ- မနက်(၉)နာရီမှည(၆)နာရီ<br>စနေ၊တနင်္ဂနွေ- နေ့ခင်း(၁၂)နာရီမှညနေ(၅)နာရီ |